**စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ**

**General Strike Committee (GSC)**

# သပိတ်တိုက်ပွဲဝင် လူမျိုးပေါင်းစုံပြည်သူလူထုကြီးသို့ပန်ကြား၊ အကြံပြုလွှာ

ကြေငြာချက်အမှတ် ၆/၂၀၂၁

နေ့စွဲ။ ။ ၉ မတ် ၂၀၂၁၊

၁။ မိမိတို့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC) ၏ ပန်ကြား၊ အကြံပြုလွှာကို တိုက်ပွဲဝင် သပိတ်အင်အားစုအသီးသီးနှင့် လူမျိုးပေါင်းစုံ မြန်မာပြည်သူလူထုကြီး သိရှိစေရန် တင်ပြအပ်ပါသည်။

၂။ ၁၊ ၂၊ ၂၀၂၁ အာဏာသိမ်းစစ်အုပ်စုသည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသော အစိုးရ တာဝန်ရှိသူများကို ဖမ်းဆီးချုပ်နှောင်ထားသည့်အပြင်၊ ပြည်သူလူထုကြီးက တရားဝင်မဲပေး၊ ရွေး ချယ်ထားသည့် လွှတ်တော်ကိုယ်စား လှယ်များ၏ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ကိုလည်း လိုက်လံ ရှာဖွေ၊ ဖမ်းဆီးရန် အပြင်း အထန် အားထုတ်လျက်ရှိသည်။

တဖက်တွင်လည်း မြန်မာပြည် လူမျိုးပေါင်းစုံပြည်သူလူထုကြီးတစ်ရပ်လုံး တခဲနက်ဆင်နွှဲ လျက်ရှိသည့် စစ် အာဏာရှင်စနစ် ဖျက်သိမ်းရေး အထွေထွေသပိတ်တိုက်ပွဲကြီးသည် (၁) လကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကလည်း အာဏာသိမ်း စစ်အုပ်စုကို အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားပြီဖြစ်သည်။ (CRPH) ၏ နိုင်ငံရေး ရည်မှန်းချက်ကိုလည်း စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ မတရားဖမ်းဆီးခံများ လွှတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ ၂၀၀၈ ကိုဖျက်သိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံနှင့် အစားထိုး ရေး ဟူ၍

ရှင်းရှင်းလင်းလင်း ဖော်ပြထားပြီဖြစ်သည်။ တိုင်းရင်းသား တော်လှန်ရေးလက်နက်ကိုင်အင်အားစု အသီးသီး ကလည်း ၎င်းတို့ဒေသများ၌ အာဏာသိမ်းစစ်အုပ်စု၏ စီမံအုပ်ချုပ်မှုကို နာခံမည် မဟုတ်ကြောင်း ရှင်းလင်းစွာဖော်ပြ နေကြပြီဖြစ်သည်။ အချို့သောဒေသများတွင် ကိုယ်ပိုင် အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းကြပြီဖြစ်ကြောင်း သတင်းများ လည်း ပေါ်ထွက်လာပြီဖြစ်သည်။

အာဏာသိမ်း စစ်အုပ်စုဘက်ကလည်း သပိတ်တိုက်ပွဲဝင် နိုင်ငံသားပြည်သူများအပေါ် မီးကုန် ယမ်းကုန် ရက်စက်ကြမ်းကြုတ်စွာ ပစ်ခတ် သတ်ဖြတ်လျက်တမျိုး၊ အဓမ္မ ရိုက်နှက်ဖမ်းဆီး၊ ထောင်ချ၍တသွယ်၊ သပိတ်မှောက် ဝန်ထမ်းများကို ခြိမ်းခြောက် ကျိန်းမောင်းလျက် လုပ်ငန်းခွင် ပြန်ဝင်စေခြင်းတနည်း စသည် နည်းသဏ္ဍာန်ပေါင်းစုံဖြင့် အထွေထွေသပိတ်ကြီးကို ခုခံ တိုက်ဖျက် ဖြိုခွဲပစ်ရန် ကြိုးပမ်းလာနေကြောင်း တွေ့မြင်ရသည်။

၃။ ဤအခြေအနေအောက်တွင် သပိတ်တိုက်ပွဲ၏ အရှိန်အဟုန်ကို အစွမ်းကုန် မြှင့်တင်လျက် စစ်အာဏာသိမ်းအုပ်စု ၏ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေး(တနည်း) ၂၀၀၈ ဖွဲ့စည်းပုံ သက်ဆိုး ရှည်ရေး အားထုတ်မှုအား အပြီးတိုင် ရိုက်ချိုးဖျက်ဆီးပစ်နိုင်ရးအတွက် ကျွန်ုပ်တို့ စစ်အာဏာရှင် စနစ်တိုက်ဖျက်ရေးအင်အားစုများအားလုံး ကျွန်ုပ်တို့ ကိုယ်တိုင်ကိုယ်ကျ တညီတညွတ်တည်း အတူတကွ ဝိုင်းဝန်း တိုက်ပွဲဆင်ကြရတော့မည်ဖြစ်ကြောင်း တင်ပြ၊ နှိုးဆော်အပ်ပါသည်။

၄။ ထို့ကြောင့် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးအင်အားစုများအားလုံးအပါအဝင် လူမျိုးစုံမြန်မာ ပြည်သူလူထုကြီး အနေဖြင့်

(က) CRPH နှင့်တကွ ရွေးချယ်တင်မြှောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ သပိတ်တိုက်ပွဲဝင် အင်အားစုအသီးသီး၏ ကိုယ်စားလှယ်များ၊ CDM တိုက်ပွဲဝင် အင်အားစုအသီးသီး၏ ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ် ရေးကော်မတီအသီးသီး၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင် အင်အားစုအသီးသီး၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားနိုင်ငံရေးအင်အားစုများအပါအဝင် နိုင်ငံရေးအင်အားစုအသီးသီး၏ ကိုယ်စားလှယ် များ၊ အခြား ပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များ စသည်ဖြင့် ကျယ်ပြန့်သော

ကိုယ်စားပြုမှုရှိသည့် ပြည်သူ့အစိုးရတစ်ရပ်ကို ကြားဖြတ်အစိုးရသဏ္ဍာန်ဖြင့် အမြန်ဆုံးဖွဲ့စည်းရန်

(ခ) ၎င်းကြားဖြတ်အစိုးရက တာဝန်ခံ၍ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ် အမြန်ဆုံး ရေးဆွဲ၊အတည်ပြုပြဋ္ဌာန်းရန်နှင့် သပိတ်တိုက်ပွဲအသီးသီးကိုလည်းကောင်း၊ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေး အသီးသီးကိုလည်းကောင်း ကြားဖြတ်အစိုးရအနေဖြင့် စနစ်တကျ၊ အဆုတ်-အတက်၊ ဟန်ချက်ညီညီ စီမံ ကွပ်ကဲသွားရန်

(ဂ) တပ်မတော်၊ ရဲတပ်ဖွဲ့ အကျဉ်းဦးစီး အစရှိသည့် လက်နက်ကိုင် တပ်ရင်းတပ်ဖွဲ့များအတွင်းရှိ တိုင်းချစ် ပြည်ချစ်စိတ်ရှိသော၊ အမှန်တရားကို ချစ်မြတ်နိုးသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတိုင်း စစ်အာဏာရှင်ကိုဆန့်ကျင်လျက် တိုက်ပွဲဝင်လာစေရေး၊ ကြားဖြတ်အစိုးရအာဏာအောက်သို့ ဝင်ရောက်ခိုလှုံကြရေး တိုက်တွန်း နှိုးဆော်၊ စည်းရုံးသွားရန်

ထိုမှတဆင့် တိုင်းချစ်ပြည်ချစ်လက်နက်ကိုင်တပ်ဖွဲ့များ၊ တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များ စုစည်း၍ ဖက်ဒရယ်တပ်မတော်သစ်တစ်ရပ်ကို ကြားဖြတ်အစိုးရကတာဝန်ယူ၍ အမြန်ဆုံး ထူ ထောင်ရန်

(ဃ) ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ကို တစ်နှစ်အတွင်း ကျင်းပသွားရန်

အထက်ပါ အကြံပြုချက်များအား ဝိုင်းဝန်း၊ ပူးပေါင်း အားထုတ်ကြသင့်ပြီဖြစ်ပါကြောင်း မိမိတို့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ် ကော်မတီ (GSC) အနေဖြင့် ပန်ကြား၊ အကြံပြုအပ်ပါသည်။

**" စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး/ ၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်းရေး အောင်ရမည်"**

**စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC)**